## " ဝိပဿနာ အကျိုး "

လက်ရှိခန္ဓာ၊ မတွယ်တာနှင့်၊ နောင်လာဘဝ၊ မတောင့်တဘဲ၊ ကြောင့်ကြဲဖြင့်၊ အမြဲမပြတ်၊ ဝိပဿနာ၊ လေ့လာကြိမ်ကြိမ်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်းဖန်မူ၊ ထိုသည့်သူကား၊ အယူမလွဲ၊ ဂတိမြဲ၏။ မီးစွဲလောင်မှု၊ ရေကိုတသော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်၊ ချွေးပေါက်ယိုစီး၊ သေခါနီးဝယ်၊ အပြီးမုချ၊ မဂ္ဂင်ရလိမ့်၊ ကိစ္စမလျော်၊ အကြောင်းပေါ်၍၊ မတော်တဆ၊ မဂ်, မရဦး၊ ဘဝအစွန်၊ တမလွန်တွင်၊ ထူးချွန်အံ့လောက်၊ နတ်ပြည်ရောက်၍ မဖောက်မပြန်၊ သောတာပန်စစ်၊ ကေန်ဖြစ်မည် မလစ်ဝိပဿနာအကျိုးတည်း။

## " ဝိပဿနာ တန်ခိုး "

"ငြိုးငြူမရှိ၊ မြဲဂတိနှင့်၊ သတိမမေ့၊
ချိန်နေ့သိပြန်၊ မျက်လန် ကြောဆွဲ၊ မရှိဘဲနှင့်
သေလည်းမတောင့်တင်း ပုပ်နံ့ကင်းသည်၊
ကျိုးရင်း ဝိပဿနာ တန်ခိုးတည်း။"

**(သီရိဒုံ-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်၊**



## ပဋိစ္စသမုပ္ပါဒ် အနုလောမ ပါဠိ

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလောမ ပါဠိ

အဝိဇ္ဇာ ယတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပ နိရောဓော၊ နာမရူပ နိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿ နိရောဓော၊ ဖဿ နိရောဓာ ဝေဒနာ နိရောဓော၊ ဝေဒနာ နိရောဓာ တဏှာ နိရောဓော၊ တဏှာ နိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝ နိရောဓော၊ ဘဝ နိရောဓာ ဇာတိ နိရောဓော၊ ဇာတိ နိရောဓာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ ။



## " ကမ္မဋ္ဌာန်းတောင်းခံပုံ "

ကမ္မဋ္ဌာနံ မေ ဘန္တေ ဒေထ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ။
ဒုတိယမ္ပိ ကမ္မဋ္ဌာနံ မေ ဘန္တေ ဒေထ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ။
တတိယမ္ပိ ကမ္မဋ္ဌာနံ မေ ဘန္တေ ဒေထ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ။
ဘန္တေ - အရှင်ဘုရား၊ မေ အမှာကံ - တပည့်တော်တို့အား၊ သံသာရ ဝဋ္ဋ ဒုက္ခတော - သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ - ကျွတ်လွတ် ထွက်မြောက်ပါရခြင်း အကျိုးငှါ၊ ကမ္မဋ္ဌာနံ - မဂ်ဉာဏ် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်ကြောင်း အကောင်းဆုံး ဖြစ်သော ကမ္မဋ္ဌာန်းတရားကို၊ ဒေထ - ကရုဏာရှေ့ထား ပေးသနားတော်မူပါ အရှင်ဘုရား။

ငါသည် မုချသေရမည်၊
အချိန်ပိုင်းသာလိုတော့သည်။
( ၃ခေါက်ဆိုပါ )

အသေမဦးမီ ဉာဏ်ဦးအောင် တရားတော်ကို
ကြိုးစား အားထုတ်ပါမည် အရှင်ဘုရား ။



## အသွယ်ရှစ်သွယ် သိမှတ်ဖွယ် ပုံပြရှင်းလင်းချက်

### မူလနှစ်ဖြာ

အဝိဇ္ဇာနှင့် တဏှာ




ခန္ဓာဖြစ်ကြောင်း အရင်းမြစ် မူလနှစ်ဖြာဖြစ်
အဝိဇ္ဇာနှင့် တဏှာပါ အတူတွဲလို့လာ
မသိပါ၍ လိုချင်ကြ ဘဝခန္ဓာရ

**(သီရိဒုံ-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်၊**

## ပဋိစ္စသမုပ္ပါဒ်
## စက်ဝိုင်းဒေသနာ
## အခြေခံ လင်္ကာ

### ပဋိစ္စသမုပ္ပါဒ် လင်္ကာ အမှတ် (၁)

အဝိဇ္ဇာနှင့်၊ တဏှာ အရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်နည်း အလျော်၊ ဗြဟ္မာ သိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်း ကြောင့်၊ လူ့နတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍ မျှော် ။

### ပဋိစ္စသမုပ္ပါဒ် လင်္ကာ အမှတ် (၂)

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလ္လာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးဖြာခြင်းရာနှစ်ဆယ် ဤရှစ်သွယ်ကို အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း ။

(သီရိနံ့-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်။



### “ ရတနာမြတ်သုံးပါးအား တရားဖြင့် ပူဇော်ရန် ”

ဣမာယ ဓမ္မာနု, ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနု, ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနု, ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

ဣမာယဓမ္မာနု, ဓမ္မပဋိပတ္တိယာ -
ဤလောကုတ္တရာတရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်
ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ ပူဇေမိ - ပူဇော်ပါ၏ အရှင်ဘုရား ။

ဣမာယ ဓမ္မာနု, ဓမ္မပဋိပတ္တိယာ -
ဤလောကုတ္တရာတရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်
ဓမ္မံ - တရားတော်မြတ်ကို၊ ပူဇေမိ - ပူဇော်ပါ၏ အရှင်ဘုရား ။

ဣမာယ ဓမ္မာနု, ဓမ္မပဋိပတ္တိယာ -
ဤလောကုတ္တရာတရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်
သံဃံ - သံဃာတော်မြတ်ကို၊ ပူဇေမိ - ပူဇော်ပါ၏ အရှင်ဘုရား ။

(သီရိနံ့-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်။



### သစ္စာနှစ်ခု

**သမုဒယသစ္စာ ➜ ဒုက္ခသစ္စာ**
**ဆင်းရဲကြောင်းအမှန် ➜ ဆင်းရဲကျိုးအမှန်**




ခန္ဓာရလျှင် အိုနာသေ ဆင်းရဲအမှန်ပေ
ဒုက္ခသစ္စာ အကျိုးပြ ကြောင်းရင်းသမုဒယ
ကြောင်းကျိုးဆက်ပြ ဤနှစ်တွေ
အယုတ်သစ္စာမှတ်ပါလေ
ဝဋ်သစ္စာတွေ သမုဒယ ဒုက္ခသမုဒယဆက်ဒုက္ခ



### “ တရားမထိုင်မီ ပုဗ္ဗကိစ္စ ငါးပါး ”

၁။ တပည့်တော်တို့သည် ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတို့ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး နှင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီးတို့အား လှူဒါန်းပါ၏ အရှင်ဘုရား။

၂။ တပည့်တော်တို့သည် မိုက်မဲတွေဝေ ခဲ့သည့်အလျောက် ရတနာသုံးပါး ဆရာမိဘ ပုဂ္ဂိုလ် သူမြတ်တို့အပေါ်၌ ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသည် ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါ စေခြင်း အကျိုးငှါ တောင်းပန်ဝန်ချ ကန်တော့ပါ၏ အရှင်ဘုရား ။

၃။ တပည့်တော်တို့သည် ရှေးရှေးဘဝ ယခုဘဝ ပြုပြုသမျှ တပည့်တော်တို့၏ ဒါနသီလ စသော ကုသိုလ်တို့သည် တပည့်တော်တို့ အလိုရှိအပ်သော မဂ်ဖိုလ် နိဗ္ဗာန် ကို ရခြင်း ရောက်ခြင်း အကျိုးငှါ လျှင်မြန်စွာ ကျေးဇူးပြုပါစေ သတည်း ။

၄။ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ တော စောင့် နတ်၊ တောင်စောင့်နတ်၊ သာသနာတော် စောင့်နတ် များနှင့်တကွ ရှိရှိသမျှ သက်ရှိ သတ္တဝါ အနန္တတို့သည် ဘေးမသီ ရန်မခ ကျန်းမာ ချမ်းသာ ရှိကြပါစေ ။

၅။ တပည့်တော်တို့သည် ဘဝများစွာ ခန္ဓာ ပျက်ကြွေ သေခဲ့ရသည့် ဘဝတွေများလှပေပြီ ယခုဘဝ မသေခင် အသေမဦးမီ ဉာဏ်ဦးအောင် တရားတော်ကို ကြိုးစား အားထုတ်ပါမည် အရှင်ဘုရား။

## “ အရှုဉာဏ် မဂ္ဂင် တရား ”

**လောကီမဂ် - ပုဗ္ဗဘာဂမဂ် - ပဉ္စင်္ဂိကမဂ်**
**ဝိပဿနာပွါးမဂ် ငါးပါး**

**သမာဓိမဂ္ဂင် သုံးပါး**
သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ
**ပညာမဂ္ဂင် နှစ်ပါး**
သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ

**လောကုတ္တရာမဂ် - အဋ္ဌင်္ဂိကမဂ်**
**ဆိုက်မဂ် ရှစ်ပါး**

**သမာဓိမဂ္ဂင် သုံးပါး**
သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ
**ပညာမဂ္ဂင် နှစ်ပါး**
သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ
**သီလမဂ္ဂင် သုံးပါး**
သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ

ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာမှတ်
ဖြစ်ပျက်မှုတွင် ငါကောင်ထင် ခင်မင်သမုဒယမှတ်
ရုပ်နာမ်အားလုံး ဖြစ်ပျက်သည်း ချုပ်ဆုံးနိဗ္ဗာန်မှတ်
ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင် မဂ် ဟုမှတ်

ယုံကြည်ကျန်းမာ စိတ်ဖြောင့်စွာဖြင့်
လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်ဉာဏ်မြင်
ဤငါးအင် မှန်ပင် မဂ် ရကြောင်း ။



## လေးခုအလွှာ

**(သစ္စာမသိအောင် ဖုံးတတ်–ကာတတ်သောတရား)**
**အတိတ်အကြောင်းတလွှာ ➔ ပစ္စုပ္ပန်အကျိုးတလွှာ**
**ပစ္စုပ္ပန်အကြောင်းတလွှာ ➔ အနာဂါတ်အကျိုးတလွှာ**




ဆင်းရဲဒုက္ခ မသိချေ အဝိဇ္ဇာကပုံးကာနေ
စတုသင်္ခေ် အကျဉ်းပြ အလွှာလေးခုရ
တိတ်ကအကြောင်း အရင်းခံ အကျိုးပစ္စုပ္ပန်
ရကျိုးဒုက္ခံ မသိက ပစ္စုပ္ပန်မှာကြောင်းပြုကြ
ပြုကြောင်းဓမ္မ အကျိုးပေါ် အနာဂါတ်မှာနေဉ်
ရသော်ဒုက္ခ မသိကြ ဆင်းရဲအနန္တ



## “ အရှုခံ စိတ်တရား ”

အပြင်ဧည့်သည် (၅) ယောက်
မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊
ယားနာကောင်းစိတ်
အတွင်းဧည့်သည် (၆) ယောက်
လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊
အလောဘစိတ်၊ အဒေါသစိတ်၊
တွေးတောကြံစည်စိတ်
အိမ်သည် (၂) ယောက်
လေကိုထုတ်သောစိတ်၊ လေကိုသွင်းသောစိတ်

“ဧည့်သည်ဆိုတာ အကြောင်းရှိမှ လာတာ၊
လာပြီးရင်လည်းအမြဲမနေ ပြန်တတ်လေ၏၊
ဧည့်သည်ပြန်က၊ အိမ်သည်ကျန်ရ မမေ့ကြနှင့်”

“တစ်ခုပေါ်လျှင် ဆယ့်နှစ်ခုမပေါ် ပေါ်တဲ့တစ်ခု
ဖြစ်ပျက်ရှု”

“အရှုခံကလည်းစိတ်၊ အရှုဉာဏ်ကလည်းစိတ်
စိတ်နှစ်ခု ပြိုင်ဖြစ်ရိုး ထုံးစံမရှိပါ
အရှုခံစိတ်ဖြစ်နေစဉ် အရှုဉာဏ်စိတ်မဖြစ်
အရှုဉာဏ်စိတ် ဖြစ်က အရှုခံစိတ်မရှိတာ
တွေ့ရမည်”

**(သီရိနံ့-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်။**



## အင်္ဂါတစ်ဆယ့်နှစ်ပါး

စိတ်မှာဖြစ်တဲ့ အဝိဇ္ဇာ သစ္စာမသိတာ
မသိပဲနှင့် ပြုသမျှ သင်္ခါရဓမ္မ
ကြောင်းရင်းနှစ်ဝ ပြည့်စုံသော် ဝိညာဏ်ဓမ္မပေါ်
ပဋိသန္ဓေ ကိန်းသမျှ ရုပ်နာမ်နှစ်ပါးရ
ရုပ်နာမ်ပေါ်တွင် အခြေတင် ဆဋ္ဌါရဖြစ်စဉ်
ဆဋ္ဌါရမှာ တွေ့ဆုံကြ အာရုံခြောက်ဖဿ
ကောင်းတာဆိုးတာ ခံစားတာ
ဝေဒနာဟုသိလေပါ
လိုချင်သော၏ ထိုဓမ္မ တဏှာဟူ၍မှတ်လေကြ
စွဲလန်းပြင်းပြ ဥပါဒါန် ကံတွေပြုကြပြန်
ကံပြုကြောင်းဖန် ဇာတိရ
နောက်ထပ်တစ်ဘဝ
ဘဝရလျှင် အိုနာသေ တွေ့ကြုံရမြဲပေ
အင်္ဂါဆယ့်နှစ်တွေ ကြောင်းကျိုးဆက်
သံသရာကြီးလည်လျက်

**(သီရိနံ့-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်။**

## သံသရာလည်စေတတ်သောအစိတ်အပိုင်း

**အဝိဇ္ဇာ – သင်္ခါရ – ဝိညာဏ် – နာမ်ရုပ် –**
**သဠာယတန – ဖဿ – ဝေဒနာ – တဏှာ –**
**ဥပါဒါန် – ကမ္မဘဝ – ဇာတိ – ဇရာမရဏ**




(သီရိဒို-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်။



## " အရှုခံ ဝေဒနာတရား "

အပြင်ဧည့်သည် (၆) ယောက်
မျက်လုံးတွင် မြင်ကာမတ္တ ဥပေက္ခာဝေဒနာ
နားတွင် ကြားကာမတ္တ ဥပေက္ခာဝေဒနာ
နှာခေါင်းတွင် နံကာမတ္တ ဥပေက္ခာဝေဒနာ
လျှာတွင် စားကာမတ္တ ဥပေက္ခာဝေဒနာ
သုခဝေဒနာ ကိုယ်မှာပေါ်သည်
ဒုက္ခဝေဒနာ ကိုယ်မှာပေါ်သည်
အတွင်းဧည့်သည် (၃) ယောက်
သောမနဿဝေဒနာ မနောတွင်ပေါ်သည်
ဒေါမနဿဝေဒနာ မနောတွင်ပေါ်သည်
ဥပေက္ခာဝေဒနာ မနောတွင်ပေါ်သည်
အိမ်သည် (၃) ယောက်
သားရေး၊ သမီးရေး၊ စီးပွါးရေးမှ စ၍
အရပ်ရပ်အဆင်ပြေသောအခါ
ဝင်လေထွက်လေကို သောမနဿဝေဒနာဖြင့်
ရှုရှိုက်နေပါသည်
သားရေး၊ သမီးရေး၊ စီးပွါးရေးမှ စ၍
အရပ်ရပ်အဆင်မပြေသောအခါ
ဝင်လေထွက်လေကို ဒေါမနဿဝေဒနာဖြင့်
ရှုရှိုက်နေပါသည်
သောမနဿလည်းမဟုတ်
ဒေါမနဿလည်းမဟုတ်သောအခါ၌
ဝင်လေထွက်လေကို ဥပေက္ခာဝေဒနာဖြင့်
ရှုရှိုက်နေပါသည်



## သံသရာအစဉ်မပြတ်ဖို့ စပ်ပေးတတ်သောတရား

**သင်္ခါရနှင့် ဝိညာဏ် (ဇော်အစပ် – အတိတ်အစပ်)**
**ဝေဒနာနှင့် တဏှာ (အနေက်အစပ် – ပစ္စုပ္ပန်အစပ်)**
**ကမ္မဘဝနှင့် ဇာတိ (သေပြန်အစပ် – အနာဂါတ်အစပ်)**




(သီရိဒို-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်။



## " အာယတန တရား "

သံသရာကို ချဲ့ထွင်တတ်သောတရား
အတွင်းအာယတန (၆) ပါး
မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်
အပြင်အာယတန (၆) ပါး
အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့စရာ၊
ကြံတွေးစရာ

## " ဓါတ် (၁၈) ပါး "

ကိုယ့်သဘောကို ကိုယ်ဆောင်တတ်သောတရား

အခံဓါတ် (၆) ပါး
မျက်စိအကြည်၊ နားအကြည်၊
နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊
မနောဘဝင်အကြည်
အတိုက်ဓါတ် (၆) ပါး
အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့စရာ၊
ကြံတွေးစရာ
အပွင့်ဓါတ် (၆) ပါး
မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊
ယားနာကောင်းစိတ်၊ တွေးတောကြံစည်စိတ်

**“ အရှုခံ တရား ”**

ခန္ဓာငါးပါး

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊
သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ

| | |
|---|---|
| ရူပက္ခန္ဓာဆိုတာ | ဖောက်ပြန် ပျက်စီးတတ်သော သဘောအစု ဖြစ်ပျက်မှု။ |
| ဝေဒနာက္ခန္ဓာဆိုတာ | ခံစား တတ်သော သဘော အစု ဖြစ်ပျက်မှု။ |
| သညာက္ခန္ဓာဆိုတာ | မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု။ |
| သင်္ခါရက္ခန္ဓာဆိုတာ | ပြုပြင်စေ့ဆော်တတ်သော သဘောအစု ဖြစ်ပျက်မှု။ |
| ဝိညာဏက္ခန္ဓာဆိုတာ | သိတတ်သော သဘော အစု ဖြစ်ပျက်မှု။ |

ဖောက်ပြန်၊ ခံစား၊ မှတ်သား၊ ပြုပြင်၊
သိဝိညာဏ်၊ ငါးအင်ခန္ဓာမှတ်။
ရုပ်က တစ်ပါး၊ နာမ် လေးပါး
မှတ်သားကျဉ်းချုပ် နာမ်နှင့်ရုပ်

ခန္ဓာဟူသည် - အစုအပေါင်း
“ ကာလ သုံးတန်၊ သဏ္ဍာန် နှစ်ခု၊ ကြမ်းနု
နှစ်ရပ်၊ ယုတ်မြတ် နှစ်ပါး၊ နီးဝေးထား၊
အပြားဤခန္ဓာ ”



**သုံးပါးအစပ်**

စဉ်ဆက်မပျက် အခါခါ သံသရာကြီးလည်ဖို့ရာ
စပ်ကာပေးတာ မှတ်ကာထား သန္ဓိထိုတရား
ထင်ရှားဘဝ ရနေသော် စပ်ခဲ့အမှန်နော်
သင်္ခါရနော် ဝိညာဏ်ကပ် သန္ဓိထိုတစပ်
စပ်ခဲ့မိလို့ ခန္ဓာပေါ် ဆင်းရဲအမှန်နော်
မသိလေသော် စပ်ပြန်ရ ဝေဒနာနှင့်တဏှာပြ
လိုချင်လောဘ ဖြစ်ပေါ်လာ
ဥပါဒါန်နှင့်ကံတွေပါ
ကံပြုသောခါ စပ်ပြန်ရ ဇာတိအမှန်ပြ
သုံးပါးမမွ ဆက်စပ်ကာ လည်ရသံသရာ
စပ်တာသမုဒယ မသိက ကြီးတဲ့ထိုဒုက္ခ

(သီရိဒုံ-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်၊



**သံသရာလည်ပုံအခြင်းအရာ**

**အတိတ်အကြောင်းအခြင်းအရာငါးပါး**
**(အဝိဇ္ဇာ – သင်္ခါရ – တဏှာ – ဥပါဒါန် – ဘဝ)**

**ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး**
**(ဝိညာဏ် – နာမ်ရုပ် – သဠာယတန – ဖဿ – ဝေဒနာ)**

**ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး**
**(တဏှာ – ဥပါဒါန် – ဘဝ – အဝိဇ္ဇာ – သင်္ခါရ)**

**အနာဂါတ်အကျိုးအခြင်းအရာငါးပါး**
**(ဝိညာဏ် – နာမ်ရုပ် – သဠာယတန – ဖဿ – ဝေဒနာ)**




(သီရိဒုံ-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်၊



**ဝဋ်သုံးဝ**

လုံးလည်လိုက်မှု သံသရာ ဝဋ်ဟုခေါ်ပေတာ
ကိလေသာခေါ် ညစ်နွမ်းမှု
ရှေ့ကခေါင်းဆောင်ပြု
ဆောင်ပြုသမျှ အမှုတွေ ကံဟုခေါ်ကြပေ
ဤဝဋ်နှစ်ထွေ မှတ်ကာထား
အကြောင်းဝဋ်တရား
အကြောင်းဝဋ်ကြောင့် အကျိုးပေါ်
ဝိပါကဝဋ်နော်
ခန္ဓာခေါ်သော ဤတရား အကျိုးဝဋ်ဟုထား
ဆင်းရဲခံစား မသိသော်
ကိလေသဝဋ်ပြန်ကာပေါ်
ကံဝဋ်ပြုသော် ဝိပါက ဝဋ်တွေပြန်ကာရ
သုံးပါးဝဋ်ကြောင့် သံသရာ
လုံးလည်လိုက်၍နေကြတာ
ဉာဏ်ပညာဖြင့် ဝေဖန်ကြည့်
ဝဋ်ကလွတ်လမ်းရှိ

(သီရိဒုံ-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်၊

**ဘဝယန္တရား လုံးလည်လိုက်ခြင်း**

**ကိလေသာ (ညစ်နွမ်းပူလောင်စေတတ်သောတရား)**
**အဝိဇ္ဇာ – တဏှာ – ဥပါဒါန်**
**ကမ္မ (အလုပ်)**
**သင်္ခါရ – ကမ္မဘဝ**
**ဝိပါက (အကျိုးပေး)**
**ဝိညာဏ် – နာမ်ရုပ် – သဠာယတန – ဖဿ –**
**ဝေဒနာ – ဇာတိ – ဥပပတ္တိဘဝ – ဇရာမရဏ**







**ခြင်းရာနှစ်ဆယ်**

အကြောင်းခမ္မ ကင်းကာလေ အကျိုးမဖြစ်ချေ
ကြောင်းကျိုးနှစ်ထွေ ဆက်စပ်ပြ
ခြင်းရာနှစ်ဆယ်ရ
တိတ်ကပြခဲ့ ခြင်းရာတွေ ငါးပါးဤအခြေ
မသိပဲလေ ပြုလုပ်ကြ လိုချင်စွဲလန်းဤဘဝ
တိတ်ကြောင်းပြ၍ အကျိုးဖော် ခန္ဓာငါးပါးနော်
ပစ္စုပ္ပန်မှာ ရကာထား ခြင်းရာဤငါးပါး
သစ္စာတရား ဖွဲ့ကြည့်ပြန် ဒုက္ခသစ္စာအမှန်
လိုချင်ဥပါဒါန် နောက်ဘဝ
အဝိဇ္ဇာကြောင့်ကံပြုကြ
ပစ္စုပ္ပန္န ကြောင်းခြင်းရာ အခြေခံ၍သာ
ကျိုးပေးပြန်တာ ခန္ဓာငါး
အနာဂါတ်၏ခြင်းရာများ
ပြန်စဉ်းစား၍ ကြည့်ပြန်သော်
ကံကြောင့်ရုပ်နာမ်ပေါ်
ကြောင်းခြင်းရာခေါ် ကံတွေအား
ဉာဏ်ဖြင့်ဝေဖန်ပိုင်းကာခြား
ပိုင်းခြားသိလို့ ကြောင်းကျိုးမြင် ဝိစိကိစ္ဆာစင်
ယုံမှားကင်းစင် ထိုတရား ဝိပဿနာတွက်အား





**သတ္တဝါတို့၏ သက်တမ်းကို**
**ကိုက်ဖြတ်စားတတ်သောတရား**

**လွန်လေပြီးသောအတိတ်ကာလ**
**ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ**
**နောင်ဖြစ်လတ္တံ့ အနာဂါတ်ကာလ**







**ကာလသုံးဖြာ**

သက်ရှိသတ္တဝါ ဤကမ္ဘာ
ကာလချိန်နှင့်နေရတာ
အချိန်များစွာ ကာလစား
ဒို့သက်တမ်းတွေကုန်လို့သွား
မသိပဲနှင့် ပြုခဲ့တာ အတိတ်ကာလမှာ
ပြုခဲ့သမုဒယာ ပြန်မရ ကာလစား၍ကုန်ခဲ့ရ
ပစ္စုပ္ပန်မှာ ရကာနေ အကျိုးဒုက္ခခန္ဓာတွေ
ဒုက္ခမသိချေ နေပါကြား
ကာလစားလို့ချိန်ကုန်သွား
ဒီကြားထဲ၌ လိုချင်နေ စွဲလန်းကံပြုချေ
အကျိုးခြေခံ အကြောင်းပြု ပစ္စုပ္ပန်ယခု
ယခုပြုက မသေခွဲအမှန် ကာလနောင်တဖန်
အနာဂါတ်မှာ ကြုံပြန်ရ ဆိုးတဲ့ထိုကာလ
ကြုံလာသမျှ ဘဝတွေ
ကာလစားလို့ကုန်ကာနေ
ဉာဏ်ပညာတွေ အသုံးချ
ထိုကာလကိုပြန်စားကြ

**“ ဆရာတော်ဘုရားအား မေတ္တာပို့ရန် ”**

ဆရာတော်

ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲခြင်း
ကင်းပါစေ၊ ကိုယ်ဆင်းရဲခြင်း
ကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာစွာဖြင့် ဆရာတော်
ခန္ဓာ့ဝန်ကို သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ။
(သုံးခေါက်ဆို)

ဆရာတော်

သက်တော်ရာကျော်ရှည်ပါစေ။
(သုံးခေါက်ဆို)

သစ္စာရောင်ခြည်
ဓမ္မပြန့်ပွါးရေးအဖွဲ့

# မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒ ဓမ္မ

**ဝိပဿနာအားမထုတ်မှီ ဒိဋ္ဌိအရင်ခွါ**

ဒိဋ္ဌိကိုအသိနှင့်ခွါဖို့ ဆိုရင်
ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှုရမယ်

**ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ဆိုရင်
စာပဋိစ္စသမုပ္ပါဒ်ကိုသင်**

ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်က နိဗ္ဗာန်ရောက်ကြောင်းအဖြေမှန်
စာပဋိစ္စသမုပ္ပါဒ်က နိဗ္ဗာန်ရောက်ကြောင်းအခြေခံ

အခြေခံရှိမှ အဖြေမှန်သိမယ်

- ၂၆ -

**“ ဆရာတော်ဘုရားအား မေတ္တာပို့ရန် ”**

ဆရာတော်

ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲခြင်း
ကင်းပါစေ၊ ကိုယ်ဆင်းရဲခြင်း
ကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာစွာဖြင့် ဆရာတော်
ခန္ဓာ့ဝန်ကို သာသနာ့ဝန်ကို
လွယ်ကူစွာ ဆောင်ရွက်နိုင်ပါစေ။
(သုံးခေါက်ဆို)

ဆရာတော်

သက်တော်ရာကျော်ရှည်ပါစေ။
(သုံးခေါက်ဆို)

သစ္စာရောင်ခြည်
ဓမ္မပြန့်ပွါးရေးအဖွဲ့

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒ ဓမ္မ

**ဝိပဿနာအားမထုတ်မှီ ဒိဋ္ဌိအရင်ခွါ**

ဒိဋ္ဌိကိုအသိနှင့်ခွါဖို့ ဆိုရင်
ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှုရမယ်

**ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် နားလည်ဖို့ဆိုရင်
စာပဋိစ္စသမုပ္ပါဒ်ကိုသင်**

ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်က နိဗ္ဗာန်ရောက်ကြောင်းအဖြေမှန်
စာပဋိစ္စသမုပ္ပါဒ်က နိဗ္ဗာန်ရောက်ကြောင်းအခြေခံ

အခြေခံရှိမှ အဖြေမှန်သိမယ်

အကြင်သူသည်

အကြောင်းအကျိုးကို မသိမြင်ပါက
တရားကို မသိမြင်နိုင်ပေ ။
တရားကိုမသိမြင်ပါက
ဘုရားကိုလည်း မသိမြင်နိုင်ပေ ။

အကြင်သူသည်

အကြောင်းအကျိုးကို သိမြင်ပါက
တရားကိုသိမြင်နိုင်၏ ။
တရားကို သိမြင်ပါက
ဘုရားကိုလည်း သိမြင်နိုင်၏ ။

(သီရိဒုံ-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်။



### “ အာဟာရမသုံးဆောင်မှီ ဆင်ခြင်ရန် ”

ဤသည့်စားဖွယ် ၊ အမယ်မယ်ကို ၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးဆောင်ပါ၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျှက်၊ အသက်မျှတမ်း၊ မမောပန်းညား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို မဖြစ်လေအောင်၊ ချမ်းသာအောင်ဟု သုံးဆောင် မှီဝဲပါသတည်း ။

### “ အဖျော်ရည် ဆေးမသုံးဆောင်မှီ ဆင်ခြင်ရန် ”

ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွါပယ်လျှင်း ဆင်းရဲကင်း၍ လူမင်းမြတ်စွာ သာသနာကို ကြည်သာရွှင်လန်း ကျင့်ပြည့်စွမ်းနိုင်ဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း။

### “ အလှူရှင်တို့အား မေတ္တာပို့ရန် ”

အလှူ့ရှင်၊ အလှူ့အမအပေါင်းတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။ သာသနာအရေးအားပေးနိုင်ပါစေ။ သာသနာ့အလုပ် အားထုတ်နိုင်ပါစေ။ သာသနာ့ ကိစ္စ ရှေ့ကဆောင်ရွက်နိုင်ပါစေ။ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ လင်းပါစေ။

အကြင်သူသည်

အကြောင်းအကျိုးကို မသိမြင်ပါက
တရားကို မသိမြင်နိုင်ပေ ။
တရားကိုမသိမြင်ပါက
ဘုရားကိုလည်း မသိမြင်နိုင်ပေ ။

အကြင်သူသည်

အကြောင်းအကျိုးကို သိမြင်ပါက
တရားကိုသိမြင်နိုင်၏ ။
တရားကို သိမြင်ပါက
ဘုရားကိုလည်း သိမြင်နိုင်၏ ။

(သီရိဒုံ-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်။

- ၂၅ -

“ အာဟာရမသုံးဆောင်မှီ ဆင်ခြင်ရန် ”

ဤသည့်စားဖွယ် ၊ အမယ်မယ်ကို ၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးဆောင်ပါ၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျှက်၊ အသက်မျှတမ်း၊ မမောပန်းညား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို မဖြစ်လေအောင်၊ ချမ်းသာအောင်ဟု သုံးဆောင် မှီဝဲပါသတည်း ။

“ အဖျော်ရည် ဆေးမသုံးဆောင်မှီ ဆင်ခြင်ရန် ”

ကျင်နာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွါပယ်လျှင်း ဆင်းရဲကင်း၍ လူမင်းမြတ်စွာ သာသနာကို ကြည်သာရွှင်လန်း ကျင့်ပြည့်စွမ်းနိုင်ဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း။

“ အလှူရှင်တို့အား မေတ္တာပို့ရန် ”

အလှူ့ရှင်၊ အလှူ့အမအပေါင်းတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။ သာသနာအရေး အားပေးနိုင်ပါစေ။ သာသနာ့အလုပ် အားထုတ်နိုင်ပါစေ။ သာသနာ့ကိစ္စ ရှေ့ကဆောင်ရွက်နိုင်ပါစေ။ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့လင်းပါစေ။

ပဋိစ္စသမုပ္ပါဒ်
စက်ဝိုင်းဒေသနာတော်




G ဓမ္မဒါနကုသိုလ်ရှင် H

စိုင်းဇေယျာထွန်း+နန်းဝိုလှိုင်း
(သီရိဒ္ဒ-ရွှေဆိုင်)
E မိသားစု၊ ကောင်းမှု F

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ချမှတ်အပ်သော



စခန်းဝင်ယောဂီလက်စွဲ

(သီရိဒ္ဒ-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်၊

မိုးကုတ်ရိပ်သာ မင်္ဂလာမဂ္ဂင်ကျောင်းတိုက်
မိုင်းရှုးရတနာမြေ


ပဋိစ္စသမုပ္ပါဒ်
စက်ဝိုင်းဒေသနာတော်






G ဓမ္မဒါနကုသိုလ်ရှင် H

စိုင်းဇေယျာထွန်း+နန်းဝိုလှိုင်း
(သီရိဒ္ဒ-ရွှေဆိုင်)
E မိသားစု၊ ကောင်းမှု F

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ချမှတ်အပ်သော





စခန်းဝင်ယောဂီလက်စွဲ

(သီရိဒ္ဒ-ရွှေဆိုင်) မိသားစု မှ လှူဒါန်းပါသည်၊

မိုးကုတ်ရိပ်သာ မင်္ဂလာမဂ္ဂင်ကျောင်းတိုက်
မိုင်းရှုးရတနာမြေ